ပရောဖက်အခွင့်အာဏာနှင့်ဆက်စပ်အရေးပါမှု




သင်ခန်းစာ ၁၀၊ ဒီဇင်ဘာ ၅၊ ၂၀၂၆



“ဘုရားသခင်၏ နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့် ပြုပြင်
ခြင်း၊ သန်လျက်တကာတို့ထက် ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍၊ အသက်နှင့်
စိတ်ဝိညာဉ်ကိုလည်းကောင်း၊ အရိုးဆစ်နှင့် ခြင်ဆီကိုလည်းကောင်း ပိုင်းခြား၍
ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်၏”
(ဟေဗြဲ ၄း၁၂)

သမိုင်းတစ်လျှောက် ဘုရားသခင်၏လူမျိုးတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပရောဖက်များ၏ အခန်းကဏ္ဍသည် အလွန်အရေးပါခဲ့သည်မှာ သံသယဖြစ်ဖွယ်မရှိပါ။


ဣသရေလလူမျိုးတို့၏ လမ်းစဉ်ကို ပြုပြင်တည့်မတ်ပေးရန်နှင့် နောက်ပိုင်း တွင် အသင်းတော်အစပြုတည်ထောင်စဉ်ကာလ၌ လမ်းညွှန်ပေးရန် သူတို့ အား ဘုရားသခင်၏ အခွင့်အာဏာ အပ်နှင်းထားတော်မူခဲ့သည်။



ရှေးခေတ်ပရောဖက်များ၏ သတင်းစကားသည် ယနေ့ခေတ်တွင်လည်း သက်ဆိုင်မှုရှိနေသေးသလော။ နောက်ဆုံးသောကာလ၌ အသင်းတော်ကို လမ်းညွှန်ကျည်ရန် ပရောဖက်အသစ်များ လိုအပ်ပါသလော။



- အခွင့်အာဏာ၏မူလရင်းမြစ် -
  - ဘုရားသခင်ပေးအပ်သော အခွင့်အာဏာ
  - ယေရှု၏အခွင့်အာဏာ
  - သမ္မာကျမ်းစာ၏အခွင့်အာဏာ
- ပရောဖက်များ၏အရေးပါမှု -
  - အသင်းတော်အတွင်း ပရောဖက်များ၏အရေးပါမှု
  - ကျမ်းစာပြင်ပပရောဖက်များ၏ အရေးပါမှု




အခွင့်အာဏာ၏ မူလရင်းမြစ်



ဘုရားသခင်ပေးအပ်သောအခွင့်အာဏာ

“သူသည်လည်း လူတို့ရှေ့မှာသင်၏စကားပြုန်လုပ်၍၊ သင်၏ နှုတ်ကိုယ်စား ဖြစ်လိမ့်မည်။ သင်သည်လည်း သူ၏ဘုရားသခင်ကိုယ်စား ဖြစ်လိမ့်မည်” (ထွက် ၄:၁၆)





မောရှေသည် ငယ်စဉ်မှစ၍ ဘုရားသခင်၏တရားလမ်းနှင့်ပညတ်တော်များကို မိခင်က သွန်သင်ခဲ့သည် (ထွက်မြောက် ၂:၈-၁၀)



အသက် ၄၀ အရွယ်အထိ ဖာရောဘုရင်၏ နန်းတော်တွင် ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စစ်ပညာများကို လေ့ကျင့်သင်ယူခဲ့သည်။



နောက်ထပ် အနှစ် ၄၀ ကို သဲကန္တာရမှာ သိုးထိန်းနည်းကို ဘုရားသခင်ထံမှ သင်ယူခဲ့သည်။



ဘုရားသခင်က မောရှေအဆင်သင့်ဖြစ်ပြီးဟု သိမြင်တော်မူသောအခါ ဣသရေလလူမျိုးနှင့်ဖာရောဘုရင် ထံကိုယ်တော်၏စကားတော်ကို ကြားပြောရန် စေလွှတ်တော်မူခဲ့သည် (ထွက် ၃း၁-၂၊ ၁၀)

မောရှေသည် လူတို့အား တိုက်ရိုက်စကားပြောရန် မိမိကိုယ် ကို မစွမ်းဆောင်နိုင်ဟု ခံစားရသောကြောင့် ဘုရားသခင် သည် အာရုန်ကို သူ၏ ပရောဖက်အဖြစ် ခန့်အပ်တော်မူခဲ့ သည် (ထွက် ၄:၁၄–၁၆)။ ဤအချက်သည် ဘုရားသခင်၏ ဗျာဒိတ်တော်ကို ပရောဖက်များမှတစ်ဆင့် ဖော်ပြတော်မူ ပုံကို သက်သေပြသည်။

မောရှေ	အာရုန်ထံသို့ပြော	အာရုန်က လူထုကို ပြော
ဘုရား	ပရောဖက်ထံသို့ပြော	ပရောဖက်က သတင်းစကားကို လူထုကို ပြော

သတင်းစကားကို အခွင့်အာဏာပေးသူမှာ အာရုန်လား၊ မောရှေလား။
သတင်းစကားကို အခွင့်အာဏာပေးသူမှာ ဘုရားသခင်လား၊ ပရောဖက်လား။

ယေရှု၏အခွင့်အာဏာ

"အာဏာနှင့် ဟောတော်မူသောကြောင့် ပရိသတ်တို့သည် ဒေသနာတော်ကို အလွန်အံ့သြကြ၏" (ရှင်လုကာ ၄:၃၂)




လူတိုင်း၊ ရန်သူများပင် ယေရှုသည် အခွင့်အာဏာနှင့် ဟောပြောတော်မူကြောင်း အသိအမှတ်ပြုကြသည် (လုကာ ၄:၃၂)။ ကိုယ်တော်၏အခွင့်အာဏာကို မည်သူ ပေးသနည်းဟု ထောင်ချောက်ဆင်မေးမြန်းသောအခါ ကိုယ်တော်သည် ဖြေကြား ရန် ငြင်းဆိုတော်မူခဲ့သည် (မဿဲ ၂၁:၂၃-၂၇)။

သို့သော် အဖြေကို ကျွန်ုပ်တို့ သိကြပါသည်။ ယေရှုသည် ဖန်ဆင်းရှင်နှင့် ကယ်တင်ရှင်ဖြစ်သောကြောင့် အခွင့်အာဏာရှိသည် (ယောဟန် ၁:၃၊ ရောမ ၃:၂၄)။


သို့သော် ယေရှုသည် မိမိ၏အမှုတော်ဆောင်ရွက်စဉ် ပြသခဲ့သော အခွင့်အာဏာကို ခမည်းတော်ဘုရားထံမှ တိုက်ရိုက်ရရှိခဲ့သည် (ယော ၁၇:၁-၂)။

ယေရှု၏ အခွင့်အာဏာတွင် အဘယ်အရာများ ပါဝင်သနည်း။ ထိုအခွင့်အာဏာ ထဲမှ အချို့ကို ကိုယ်တော်၏ တပည့်တော်များအားလည်း ပေးအပ်ခဲ့ပါသလား။



- သွန်သင်ရန် (လုကာ ၄:၃၂)
- အပြစ်များကို ခွင့်လွှတ်ရန် (မာကု ၂:၁၀-၁၁)
- နတ်ဆိုးများကို နှင့်ထုတ်ရန် (လုကာ ၄:၃၆)
- သူတစ်ပါး၏စိတ်သဘောကိုသိရှိရန် (ယော ၂:၂၄-၂၅)
- တရားစီရင်ရန် (ယော ၅:၂၇)
- ထာဝရအသက်ကိုပေးရန် (ယော ၁၇:၂)





သမ္မာကျမ်းစာ၏အခွင့်အာဏာ


"ဘုရားသခင်၏စကားတော်ရှိသမျှသည် စင်ကြယ်၏" (သုတ္တံကျမ်း ၃၀း၅)

ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပရောဖက်များမှတစ်ဆင့်
ပေးအပ်ထားသောကြောင့် သမ္မာကျမ်းစာသည် ဘုရားသခင်၏
အ[illegible]

- ကျွန်ုပ်တို့၏မူလအစနှင့်နောက်ဆုံးပန်းတိုင်ကို ဖော်ပြသည်။
- ကျွန်ုပ်တို့ကို ဆက်သွယ်ရန် အသုံးပြုသော နည်းလမ်းဖြစ်သည်
- ဘုရားသခင်၏အလိုတော်နှင့်စာရိတ္တတော်ကိုဖော်ပြသည်။
- ဘုရားသခင်၏အလိုတော်နှင့်ရည်ရွယ်ချက်ကို သွန်သင်ပေးသည်။
- သမ္မာတရားပါဝင်သည်။
- မှန်ကန်သောဆုံးဖြတ်ချက်ချမှတ်နိုင်ရန် ကူညီပေးသည်။
- ခရစ်ယာန်ယုံကြည်မှု၏ အခြေခံအုတ်မြစ်ဖြစ်သည်။
- ယုံကြည်ခြင်းနှင့်သွန်သင်ချက်အားလုံးအတွက် အခြေခံစံနှုန်းဖြစ်သည်







သမ္မာကျမ်းစာကို လှောင်ပြောင်ရန်၊ အပြစ်အနာအဆာရှာရန်၊ မိမိအယူအဆနှင့်
ကိုက်ညီအောင် အဓိပ္ပာယ်ဖွင့်ရန် ဖတ်ရှုခြင်းသည် လျစ်လျူရှုခြင်း၊
မလေ့လာခြင်း၊ အသက်တာတွင် မကျင့်သုံးခြင်းတို့နှင့် အတူတူပင်ဖြစ်ပြီး
နောက်ဆုံး၌ ထာဝရအ သက်ဆုံးရှုံးခြင်းသို့ ဦးတည်စေသည်။

သို့သော် သတင်းစကားကို လက်ခံရန်စိတ်ဆန္ဒရှိသူများအတွက် သူတို့၏
စိတ်နှလုံး ကို ပြောင်းလဲစေပြီး ထာဝရအသက်ကို ပေးနိုင်သော
တန်ခိုးတော်ရှိသည် (ဟေဗြဲ ၄:၁၂; ၁ ပေတရု ၁:၂၃-၂၅)။

ပရောဖက်များ၏ အရေးပါမှု



အသင်းတော်အတွင်း ပရောဖက်များ၏အရေးပါမှု

“ထာဝရဘုရားသည် ပရောဖက်အားဖြင့် ဣသရေလအမျိုးကို အဲဂုတ္တုပြည်မှကယ်နုတ်၍၊ ပရောဖက်အားဖြင့်လည်း စောင့်မတော်မူ၏” (ဟောရှေ ၁၂:၁၃)









ဟောရှေက မောရှေအား ပေးသနားတော်မူသော ပရောဖက်ဆုကျေးဇူး၏ အရေးပါမှုကို ဖော်ပြထားသည် (ဟောရှေ ၁၂:၁၃)။ ထိုဆုကျေးဇူးအားဖြင့် မောရှေသည် ဣသရေလလူမျိုးကို အဲဂုတ္တုပြည် မှ ထုတ်ဆောင်ကာ ခါနာန်ပြည်သို့ လမ်းပြခဲ့ပြီး၊ အခက်အခဲများကို ဖြေရှင်းကာ လူမျိုးတော်၏ ဘာသာရေးနှင့် အုပ်ချုပ်ရေးကို စနစ်တ ကျ ဖွဲ့စည်းပေးခဲ့သည်။

မောရှေပြီးနောက် ဒေဗောရ၊ ယဟာဇေလနှင့် ဧလိရှဲတို့မှတစ်ဆင့် ဘုရားသခင်သည် ဣသရေလကို လမ်းပြခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် စစ်ရေး၊ ဘာသာရေးတို့ကို စီမံပေးခြင်းများ ပြုတော်မူခဲ့သည်။ ဧလိရှဲသည် ဣသရေလနှင့် ဆီးရီးယားတို့ကြား ငြိမ်းချမ်းရေး ရရှိစေရန် ကြားဝင်ဆောင်ရွက်ခဲ့သည်။

ဓမ္မသစ်ကျမ်းတွင်လည်း ပရောဖက်များသည် အသင်းတော်ဖွဲ့စည်းခြင်းနှင့် ကြီးထွားတိုးတက်ခြင်း၌ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည် (တမန် ၁၃:၁-၃)။


ဘုရားသခင်သည် နောက်ဆုံးကာလတွင် မိမိအသင်းတော်ကို လမ်းပြရန် ပရောဖက်ဆုကျေးဇူးကို ဆက်လက်အသုံးပြုနေသည်။






ကျမ်းစာပြင်ပပရောဖက်များ၏ အရေးပါမှု


“ရှောလမုန်ပြုမူသော အမှုအရာ ကြွင်းလေသမျှ အစအဆုံးတို့သည်၊ ပရောဖက်နာသန်၏ကျမ်း၊ ရှိလောမြို့သား အဟိယ၏ အနာဂတ်ကျမ်း၊ နေဗတ်သား ယေရောဗောင်တစ်ဖက်၌ ပရောဖက်ကဒ္ဒေါ၏ ဗျာဒိတ်ကျမ်း၌ ရေးထားလျက်ရှိ၏”
(၂ ရာဇဝင်ချုပ် ၉:၂၉)



ကျမ်းဝင်ပရောဖက် ဆိုသည်မှာ သမ္မာကျမ်းစာကျမ်းတစ်စောင်ကို ရေးသားခဲ့သူဖြစ်သည်။ ကျမ်းပြင်ပပရောဖက်များ ၏ အမှာစကားများကိုမူ အခြားသူများ မှတ်တမ်းတင်ထားမှသာ သိရှိရသည်။ အချို့မှာ ကျမ်းစာ များးရေးသားခဲ့သော်လည်း ကျမ်းဂန်စာရင်းတွင် မပါဝင်ခဲ့ပါ (၂ ရာဇဝင် ချုပ် ၉:၂၉)။



သို့သော် ကျမ်းစာဝင်ပရောဖက်များနည်းတူ ကျမ်းစာပြင်ပပရောဖက်များမှတစ်ဆင့် ပေးအပ်သော ဘုရားသခင်၏ သတင်းစကားသည်လည်း တူညီသော အခွင့်အာဏာနှင့် အရေးပါမှုရှိသည် (လုကာ ၇:၂၈)။





ခရစ်တော်ကြွလာချိန်အထိ ပရောဖက်များ ဆက်လက်ရှိမည်ဟု သမ္မာကျမ်းစာက ဖော်ပြသည် (ယောလ ၂:၂၈–၃၂၊ ဗြက် ၄:၁၁–၁၆)။ သမ္မာကျမ်းစာကျမ်းဂန်သည် ပြည့်စုံပြီးဖြစ်သောကြောင့် ယနေ့ပရောဖက်များသည် ကျမ်းဂန်ဝင်မဟုတ်သော်လည်း၊ သူတို့၏ သတင်းစကား၏ အခွင့်အာဏာသည် လျော့နည်းသွားခြင်းမရှိပါ။

“ဘိုးဘေးများ၊ ပရောဖက်များနှင့် တမန်တော်များသည် သန့်ရှင်းသောဝိညာဉ်တော်၏ တိုက်တွန်းနှိုးဆော်မှုဖြင့် ဟောပြောခဲ့ကြသည်။ မိမိတို့၏အစွမ်းဖြင့်လည်းကောင်း၊ မိမိတို့၏နှာမဖြင့်လည်းကောင်း ဟောပြောခြင်းမဟုတ်ကြောင်း အတိအလင်း ဖော်ပြခဲ့ကြသည်။ မိမိတို့အား ချီးမွမ်းဂုဏ်ပြုခြင်းမခံလိုကြဘဲ၊ မိမိတို့ကိုယ်ကို မည်သည့်အရာ၏မူလအရင်းအမြစ်ဟုမျှ မယူမှတ်စေလိုကြပေ။ ချီးမွမ်းခြင်းအလုံးစုံနှင့် ထိုက်တန်တော်မူသော ဘုရားသခင်၏ဘုန်းတော်ကိုသာ ထင်ရှားစေလိုကြသည်။ မိမိတို့၏အစွမ်းအစနှင့် ဟောပြော သောသတင်းစကားများသည် ဘုရားသခင်၏တန်ခိုးတော်မှ ပေးအပ်ထား ခြင်းဖြစ်ကြောင်း ကြေညာခဲ့ကြသည်။ ဘုရားသခင်သာလျှင် သူတို့၏အခွင့် အာဏာနှင့် လုံလောက်သောခွန်အား ဖြစ်တော်မူ၏။

EGW (To Be Like Jesus, July 30)

နောက်ဆက်တွဲ — အယ်လင်ဂျီဝိုက်၏အခွင့်အာဏာနှင့် အရေးပါမှု




အယ်လင်ဂျီဝိုက်သည် သမ္မာကျမ်းစာခေတ်လွန်၊ ကျမ်းဂန်မဝင်သော ပရောဖက်များတွင် ပါဝင်သည်။ အခြားပရောဖက်များနည်းတူ သူမ၏အခွင့်အာဏာသည် ဘုရားသခင်ထံမှလာပြီး သမ္မာကျမ်းစာ၏ အခွင့်အာဏာအောက်တွင် ရှိသည်။







သမ္မာကျမ်းစာ၏ အကြောင်းအရာအချို့(ဥပမာ၊ အကောင်းနှင့်အဆိုးတိုက်လှုန်မှု) ကို ပိုမိုရှင်းလင်းစွာဖော်ပြသည့်အပြင် ယနေ့ခေတ် နှင့် အထူးသက်ဆိုင်သော အကြောင်းအရာများ (ဘာသာရေးနှင့် နိုင်ငံရေးစည်းလုံးခြင်း၏ အန္တရာယ်၊ သားရဲ၏အမှတ်တံဆိပ်၊ ပညာရေးနှင့် ကျန်းမာရေး) ကိုလည်း သူမ၏ သတင်းစကားတွင် ဖော်ပြထားသည်။

သူမ၏ရေးသားချက်များသည် လူများစွာတို့၏ အသက်တာ ကို ပြောင်းလဲစေပြီး ပိုမိုကောင်းမွန်သော အသက်တာကို ရရှိစေခဲ့သည်။







Ellen G. White ၏ အရေးအသားများသည် သမ္မာကျမ်းစာတွင် မပါဝင်သော်လည်း ကမ္ဘာသမိုင်း၏ နောက်ဆုံးကာလ၌ အသက်ရှင်နေထိုင်ကြသော ယုံကြည်သူများကို လမ်းပြရန် ဘုရားသခင် အသုံးပြုတော်မူခဲ့သည်။

